Network for Democracy and Development

Documentation and Research Department

network for democracy & development

PO Box 179, Mae Sot 63110, Thailand. Tel + 66 1 7241281, E-mail: ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၃၄)

## “ပွဲပြီးသော်လည်း မီးမသေနိုင်ပါ”

နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် မြန်မာပြည်သူတစ်ရပ်လုံး ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေရတဲ့ကြားက မေလ(၁၀)ရက်နေ့နဲ့ မေလ(၂၄)ရက်နေ့တွေမှာ အတင်းအကျပ် ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နအဖက စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို ထောက်ခံမဲ(၉၂ · ၄၈)ရာခိုင်နှုန်းနဲ့ အတည်ပြုလိုက်ပြီဖြစ်ကြောင်း မေလ(၂၉)ရက်နေ့ ရက်စွဲနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်ပါတယ်။

မေ(၁၀)ရက်နေ့နဲ့ မေ(၂၄)ရက်နေ့တွေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရဲ့ မဲစာရင်းရလာဒ် အပြည့်အစုံကိုတော့ တရားသူကြီးချုပ်ဦးအောင်တိုး ခေါင်းဆောင်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က မေလ(၂၆) ရက်နေ့မှာကတည်းက ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။

ဦးအောင်တိုးကော်မရှင်ကြေညာချက်ရဲ့ အဓိကအချက်ကတော့ မေလ(၁၀)ရက်နေ့နဲ့ (၂၄)ရက်နေ့တွေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ (၂၇)သန်းကျော်ရှိတဲ့အနက် (၂၆)သန်းကျော် မဲပေးခဲ့ကြတဲ့အတွက် မဲဆန္ဒပေးသူ (၉၈ · ၁၂)ရာခိုင်နှုန်းရှိပြီး ဆန္ဒခံယူပွဲ အထမြောက်အောင်မြင်ကြောင်းနဲ့ ဆန္ဒမဲလာရောက်ပေးသူ (၂၆)သန်းကျော်အနက် (၂၄)သန်းကျော်က ထောက်ခံမဲပေးခဲ့ကြတဲ့အတွက် ထောက်ခံမဲပေးသူ (၉၂ · ၄၈)ရာခိုင်နှုန်းရှိကြောင်း ထုတ်ဖော်အသိပေးခြင်းသာ ဖြစ်ပါတယ်။ နာဂစ်လေမုန်တိုင်းတိုက်ခိုက်ခံရပြီး တစ်ပတ်အကြာ မေလ(၁၀)ရက်နေ့က မြို့နယ်ပေါင်း(၂၇၈)ခုမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဆန္ဒခံယူပွဲမှာလည်း ထောက်ခံသူအရေအတွက် (၉၂ · ၄)ရာခိုင်နှုန်းရှိကြောင်း ဦးအောင်တိုးကော်မရှင်က မေလ(၁၅)ရက်နေ့မှာ ကြေညာခဲ့ပြီးဖြစ်ပါတယ်။

ဒီကြေညာချက်တွေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ(၂၃)အရ ပြုလုပ်ခဲ့တာဖြစ်ပြီး ဦးအောင်တိုးကော်မရှင်အနေနဲ့ ဒီမဲစာရင်းတွေကို အာဏာသိမ်း နအဖစစ်ကောင်စီထံ ဆက်လက်တင်ပြပြီး နအဖစစ်ကောင်စီက အတည်ပြုကြောင်း ကြေညာပေးခဲ့တာဖြစ်ပါတယ်။ အာဏာသိမ်းစစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ သူတို့ အပြတ်အသတ်အနိုင်ရကြောင်း အခုလို ကြေညာလိုက်တဲ့အပေါ် ပြည်တွင်းပြည်ပ ဘယ်သူကမှ မအံ့သြကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ဒီကြေညာချက်ဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မကျင်းပခင်ကတည်းက ကြိုတင်ရေးသားထားတာလို့ အများကယူဆထားတာကြောင့် ဖြစ်ပါတယ်။

သူတို့စိတ်ကြိုက် တဖက်သတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ပြည်သူလူထုက ကန့်ကွက်ပယ်ချမလား၊ ထောက်ခံအတည်ပြုမလားဆိုတာကို အတိအကျ ဘယ်လိုမှမသိနိုင်သေးတဲ့ မတ်လ(၂၇)ရက်နေ့မှာ ပြောကြားခဲ့တဲ့ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့မိန့်ခွန်းမှာ “ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နဲ့အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်မှာ ကျင်းပပေးခြင်းဖြင့် နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း ပြောကြားလိုတယ်” လို့ အစချီပြီး ထည့်သွင်းပြောဆိုသွားတာကို ကြည့်ခြင်းအားဖြင့် နအဖစစ်အာဏာရှင်တွေဟာ သူတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုက ကန့်ကွက်မဲနဲ့ ပယ်ချမဲ့အရေးကို ရေးရေးလေးတောင် ထည့်သွင်းစဉ်းစားထားခြင်းမရှိဘူးဆိုတာ ထင်ရှားနေပါတယ်။

“စ ကတည်းက ယဉ်သကို” ဆိုသလို သူတို့ကိုယ်တိုင် ဒိုင်လူကြီးလုပ်ပြီး ကျင်းပပေးခဲ့တဲ့ ၁၉၉၀ မေလ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ ရလဒ်ကို လက်မခံချင်တဲ့အတွက် သူတို့ကိုယ်တိုင် ဇာတ်ညွှန်းရေး၊ သူတို့ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ခေါင်းခေါက်ရွေးချယ်ထားသူတွေနဲ့ (၁၄)နှစ်နီးပါးကြာအောင် တဖက်သတ် စိတ်ကြိုက်ရေးဆွဲထားတဲ့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုဖို့အရေးမှာလည်း နအဖအာဏာပိုင်တွေ၊ ကြံ့ဖွံ့အဖွဲ့ဝင်တွေနဲ့ ဆန္ဒခံယူပွဲကော်မရှင်အဆင့်ဆင့်က သူတို့ကိုယ်တိုင်ထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ငန်းလမ်းညွှန် တွေကို သူတို့

ကိုယ်တိုင်ချိုးဖေါက်ပြီး နည်းလမ်းမျိုးစုံနဲ့ အဓမ္မလုပ်ဆောင်ခဲ့ကြတာကို မြန်မာပြည်သူအားလုံး မျက်ဝါးထင်ထင် မြင်တွေ့ကြားသိခဲ့ရတဲ့အတွက်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ကြေညာချက်အပေါ် ဘယ်သူကမှ "ထူးထွေသည့် အံ့ရာသော်" မဖြစ်ကြတာ ဖြစ်နိုင်ပါတယ်။

နအဖရဲ့ ဒီအခြေခံဥပဒေမူကြမ်းဟာ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်အစစ်အမှန်တွေကိုယ်တိုင် ရေးဆွဲထားတာမဟုတ်တဲ့အပြင် ဒီဥပဒေမူကြမ်းမှာ ဘယ်လိုဥပဒေမျိုးတွေကို ထည့်သွင်းရေးဆွဲထားသလဲ ဆိုတဲ့အချက်ကိုလည်း ပြည်သူလူထုကို ရှင်းလင်းချပြရဲခြင်း မရှိပါဘူး။ ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေနဲ့ မဲရုံအဖွဲ့တွေအပါအဝင် ကော်မရှင်အဆင့်ဆင့်ရဲ့ လုပ်ငန်းလမ်းညွှန်တွေကိုလည်း မဲဆန္ဒရှင်ပြည်သူတွေ နားလည်သိရှိနေအောင် ရှင်းလင်းတင်ပြတာမျိုး မပြုလုပ်ပဲ ဆန္ဒခံယူပွဲမှာ ထောက်ခံဆန္ဒမဲမပေးရင် ထောင်(၃)နှစ်နဲ့ ကျပ်ငွေ(၁)သိန်း ချမှတ်ခံရမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေကိုသာ ပြုလုပ်ခဲ့ကြပါတယ်။ နအဖအာဏာပိုင်တွေအနေနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေအားလုံး မဲရုံတွေမှာလာရောက်ပြီး ဆန္ဒမဲပေးကြဖို့ သမာသမတ်ကျကျ စည်းရုံးလှုံ့ဆော်ရမဲ့အစား ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံမဲပေးကြဖို့ စည်းရုံးလှုံ့ဆော်တာတွေ ပြုလုပ်ခဲ့ကြပြီး အတိုက်အခံတွေရဲ့ ကန့်ကွက်မဲပေးကြဖို့ စည်းရုံးလှုံ့ဆော်မှုတွေကိုတော့ တဖက်သတ် တားမြစ်ပိတ်ပင်တာတွေ ဖမ်းဆီးအရေးယူတာတွေကို တဖက်သတ် ပြုလုပ်ခဲ့တာတွေ့နိုင်ပါတယ်။

ဆန္ဒခံယူပွဲဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ဝန်ထမ်းအားလုံးကို ကြိုတင်ထောက်ခံမဲပေးခိုင်းတဲ့နည်း၊ ပြည်သူလူထုကို ခြိမ်းခြောက်အကျပ်ကိုင်ကာ ကြိုတင်ထောက်ခံမဲတွေကို အိမ်တိုင်ယာရောက် လိုက်လံကောက်ခံတဲ့နည်း၊ အိမ်ထောင်စုအမည်စာရင်းကောက်သလို၊ မှတ်ပုံတင်လုပ်ပေးမလိုနဲ့ လိမ်ညာလက်မှတ်ထိုးခိုင်းပြီး ကြိုတင်ထောက်ခံမဲအဖြစ် ပြောင်းလဲပစ်တဲ့နည်း၊ မဲလာမပေးနိုင်သူတွေကိုယ်စား ကြံ့ဖွံ့အဖွဲ့ဝင်တွေနဲ့ မဲရုံအဖွဲ့ဝင်တွေကကြားဝင်ပြီး ကိုယ်စားထောက်ခံမဲပေးတဲ့နည်း၊ နားမလည် စာမတတ်တဲ့ မဲဆန္ဒရှင်တွေကို ထောက်ခံတဲ့အမှတ်အသားခြစ်ထားတဲ့ မဲကပ်ပြားတွေပေးပြီး မဲပုံးတွေမှာ ထည့်ခိုင်းတဲ့နည်း၊ လျှို့ဝှက်မဲပေးတဲ့အခန်းတွေမှာ အမှားအမှန်ခြစ်ခွင့်မပြုပဲ မဲရုံအဖွဲ့ဝင်တွေရှေ့မှာတင် အတင်းအကျပ် ဆန္ဒပြုခိုင်းပြီး မဲထည့်စေတဲ့နည်း၊ မဲရုံအဖွဲ့ဝင်တွေကိုယ်တိုင် လျှို့ဝှက်ဆန္ဒပြုတဲ့အခန်းတွေအထိ ဝင်လိုက်လာပြီး မဲဆန္ဒရှင်တွေကို ထောက်ခံမဲပေးကြဖို့ ခြိမ်းခြောက်တဲ့နည်း၊ မဲရုံအနီးပတ်ဝန်းကျင်မှာ စစ်တပ်၊ ရဲနဲ့ ပြည်သူ့စစ်လို လက်နက်ကိုင်အစောင့်အရှောက်တွေချထားပြီး မဲလာပေးတဲ့ ကျေးလက်ပြည်သူတွေကို ထောက်ခံမဲသာပေးကြဖို့ ခြိမ်းခြောက် ခိုင်းစေတဲ့နည်း၊ မဲဆန္ဒရှင် (၄၊ ၅)ဦးအတွက် တစ်ဦးတည်းက ကိုယ်စားပြုပြီး ထောက်ခံမဲပေးစေတဲ့နည်း၊ မဲပြားထုတ်ယူတဲ့ စာရင်းမှာသာ လက်မှတ်ထိုးခိုင်းပြီး ကိုယ်တိုင်မဲပေးခွင့်မပြုပဲ မဲရုံအဖွဲ့ဝင်တွေကိုယ်တိုင် အမှန်ခြစ်ပြီး ထောက်ခံမဲပေးတဲ့နည်း၊ မဲလာမပေးသူတွေကိုယ်စား ကြံ့ဖွံ့၊ စွမ်းအားရှင်၊ မီးသတ်၊ ကြက်ခြေနီနဲ့ အမျိုးသမီးရေးရာအဖွဲ့ဝင်တွေကို ထောက်ခံမဲ ထည့်ခိုင်းတဲ့နည်း၊ လေမုန်တိုင်းဒဏ်ခံခဲ့ရတဲ့မြို့နယ်တွေမှာ နိုင်ငံတကာအကူအညီတွေနဲ့ မက်လုံးပေးပြီး ထောက်ခံမဲထည့်ခိုင်းတဲ့နည်း၊ ကန့်ကွက်မဲတွေကို ပယ်မဲတွေဖြစ်အောင် ပြောင်းလဲပစ်တဲ့နည်း၊ စတဲ့နည်းပေါင်းစုံနဲ့ အနိုင်ရရှိအောင် အတင်းအကျပ် လုပ်ယူခဲ့ကြတာကို မြန်မာပြည်သူတွေသာမက တကမ္ဘာလုံးကပါ မြင်တွေ့ကြားသိခဲ့ကြပါတယ်။

နအဖရဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကတော့ ပြီးဆုံးသွားခဲ့ပါပြီ၊ ဒါပေမဲ့ မီးကတော့ မသေနိုင်ပါဘူး။ နအဖရဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ ဒီမိုကရေစီနည်းလမ်းမကျတဲ့အပြင် ပြည်သူလူထုရဲ့ဆန္ဒအစစ်အမှန်လည်း မဟုတ်တဲ့အတွက် ဒီဆန္ဒခံယူပွဲရဲ့ရလဒ်ကို မြန်မာပြည်သူအများစုက အသိအမှတ်ပြု လက်ခံကြမှာမဟုတ်သလို အမေရိကန်၊ အီးယူ အစရှိတဲ့ ဒီမိုကရေစီနိုင်ငံအများစုကလည်း လက်ခံကြမှာမဟုတ်ပါဘူး။ အခုလည်း ဦးအောင်တိုးကော်မရှင်ရဲ့ ကြေညာချက်တွေ ထွက်လာကတည်းက ပြည်သူ့ဆန္ဒမပါတဲ့ နအဖရဲ့ တဖက်သတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘူးလို့ ပွင့်ပွင့်လင်းလင်း ထုတ်ဖေါ်ပြောဆိုတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ အများအပြား ပေါ်ထွက်လာနေပြီဖြစ်သလို မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ထပ်မံဆွေးနွေးမှုတွေပြုလုပ်ဖို့ အနောက်နိုင်ငံတွေက တက်တက်ကြွကြွ ဦးဆောင်ကြိုးပမ်းလာကြတာကိုလည်း တွေ့နေရပါတယ်။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်စတဲ့ အင်အားကြီးနိုင်ငံတချို့ကလည်း နအဖစစ်ဗိုလ်ချုပ်တစ်စုရဲ့ လုပ်ရပ်တွေအပေါ် စိတ်မရှည်တော့တဲ့လက္ခဏာတွေ ပိုမိုပြသလာပြီး စစ်အင်အားပြခြိမ်းခြောက်တဲ့အထိ သွေးတိုးစမ်းကြည့်လာတာကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီဖြစ်ပါတယ်။

တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ထိုင်း၊ အစရှိတဲ့ ကိုယ်ကျိုးစီးပွားကိုသာ အဓိကထားတဲ့ နိုင်ငံတချို့ကတော့ ဆန္ဒခံယူပွဲ မကျင်းပခင်ကတည်းက နအဖလုပ်သမျှထောက်ခံဖို့ အသင့်ပြင်ပြီး စောင့်ဆိုင်းနေကြပေမဲ့ အခုအချိန်အထိတော့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥဒေကို ကြိုဆိုထောက်ခံကြောင်း လူသိရှင်ကြား ထုတ်ဖေါ်ပြောဆိုတာတွေမလုပ်သေးပဲ အခြေအနေတစ်ခုလုံးကို စောင့်ကြည့်အကဲခတ်နေကြတာ တွေ့ရပါတယ်။ ဒီနိုင်ငံတွေအနေနဲ့လည်း သူတို့ရဲ့အကျိုးစီးပွားကြောင့်သာ နအဖ ဗိုလ်ချုပ်တွေကို ထောက်ခံနေကြတာဖြစ်လို့ အခြေအနေတွေ တစုံတရာ ပြောင်းလဲသွားမယ်ဆိုရင် သူတို့ရဲ့ရပ်တည်ချက် တွေဟာလည်း ပြောင်းလဲသွားနိုင်ပါတယ်။

နအဖစစ်ဗိုလ်ချုပ်တွေအနေနဲ့ သူတို့ရဲ့လမ်းပြမြေပုံပါ အရေးအကြီးဆုံးအဆင့်ဖြစ်တဲ့ အခြေခံဥပဒေအတည်ပြုတဲ့အဆင့်ကို အဓမ္မကျော်ဖြတ်သွားနိုင်ခဲ့ပြီလို့ ဆိုနိုင်ပေမဲ့ ရှေ့ဆက်ရင်ဆိုင်ရမဲ့ အခက်အခဲ အကျပ်အတည်းတွေ အများအပြား

ရှိနေသေးတာကို တွေ့ရပါတယ်။ ပထမဆုံး ရင်ဆိုင်ရမဲ့အခက်အခဲက ဒီအခြေခံဥပဒေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် မြန်မာနိုင်ငံသားအများအပြားက ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်နေမဲ့ပြဿနာ ဖြစ်ပါတယ်။ ဒီကနေ့ခေတ် ရဲ့ ပြည်တွင်းပြည်ပ အခြေအနေတွေဟာ ၁၉၇၄-၇၅ ခုနှစ်က အခြေအနေမျိုးတွေနဲ့ လုံးဝ မတူတော့တဲ့အတွက် မြန်မာပြည်သူ တွေရဲ့ နိုးကြားတက်ကြွမှုနဲ့ နိုင်ငံတကာရဲ့ အာရုံစိုက်မှုတွေကိုလည်း မဆလစစ်အာဏာရှင်တွေထက် နအဖစစ်အာဏာရှင် တွေက ပိုမိုရင်ဆိုင်ကြရမှာ သေချာနေပါတယ်။

ဒီကနေ့ခေတ် မြန်မာပြည်သူတွေကို မဆလခေတ်ကလို ပြည်တွင်းမှာ တံခါးပိတ်လှောင်ထားလို့ ဘယ်လိုမှ မရနိုင် တော့ပါဘူး။ မျိုးဆက်သစ်လူငယ်တွေအပါအဝင် မြန်မာပြည်သူအများအပြားဟာ ပြင်ပကမ္ဘာကြီးရဲ့ တိုးတက်ပြောင်းလဲမှု တွေကို မြင်တွေ့သိရှိနေကြပြီဖြစ်လို့ သူတို့ရဲ့လွတ်လပ်မှုတွေကို တားဆီးပိတ်ပင်ထားမဲ့ စစ်အာဏာရှင်စနစ်ကို ဘယ်လိုမှ ကြာရှည် လက်ခံနိုင်ကြမှာ မဟုတ်ပါဘူး။ အလားတူ ပညာတတ်အသိုင်းအဝိုင်းနဲ့ စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်း အပါ အဝင် လူထုလူတန်းစား အလွှာအသီးသီးကလည်း စစ်အာဏာရှင်စနစ်အောက်မှာ သူတို့အတွက် တည်တန့်ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုမျိုးကို ဘယ်လိုမှ မရနိုင်ဘူးဆိုတာ သဘောပေါက်ထားတဲ့အတွက် သူတို့နည်းသူတို့ဟန်နဲ့ ဆက်လက် ဆန့်ကျင်နေကြမှာ သေချာပါတယ်။ စစ်အာဏာရှင်ဗိုလ်ချုပ်တွေကလည်း သူတို့အာဏာတည်မြဲရေးအတွက် လက်နက် အားကိုးနဲ့ အကြမ်းဖက်ပြီး တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်နေရမှာဖြစ်လို့ မြန်မာနိုင်ငံရဲ့အခြေအနေဟာ ဘယ်လိုမှ အေး ချမ်းသာယာမှုကို မရနိုင်ပါဘူး။

ပြောင်းလဲလာတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း လူ့အခွင့်အရေးချိုးဖေါက်မှုတွေ အပါအဝင် လူသားမဆန်တဲ့ ပြုမူဆက်ဆံမှုတွေကို သူများနိုင်ငံရဲ့ပြည်တွင်းရေးပဲဆိုပြီး အရင်ကလို လက်ပိုက်ကြည့်နေကြမှာမဟုတ်တဲ့အတွက် နအဖ က အခုအတည်ပြုပြဌာန်းလိုက်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မဆလစစ်အစိုးရရဲ့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေလောက် တောင် ကြာရှည်ခံမှာမဟုတ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Friday, May 30, 2008***
*ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။*
***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာပြည်နှင့် ပတ်သက်စပ် ဆိုင်သမျှသော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူ ကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သ တင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု